နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၄ ခုနှစ်၊ ဧပြီလ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၄ ခုနှစ်၊ ဧပြီလ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

ပြန်ကြားရေးဝန်ကြီးဌာန	-	စာအုပ်အမှတ်စဉ် (၂၄/၂၀၂၄)
ထုတ်ဝေသည့်ခုနှစ်	-	၂၀၂၄ ခုနှစ်၊ မေလ
ထုတ်ဝေသည့်အကြိမ်	-	ပထမအကြိမ်
အုပ်ရေ	-	၁၀၀၀ အုပ်
ပုံနှိပ်	-	ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Public Notice for Elimination of Violence

1. **Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ
(၂၀၂၄ ခုနှစ်၊ ဧပြီလ)

မာတိကာ

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

မိန့်ခွန်းများ

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်စဉ် ပြောကြားသည့် အမှာစကား ၇

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၁၀

၃။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၁၄

၄။ ဘာသာပေါင်းစုံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၁၈

၅။ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား ၂၂

၆။ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)တွင် ပြောကြားသည့် အမှာစကား ၂၄

၇။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ပြောကြားသည့် ဩဝါဒစကား ၂၉

၈။ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၄

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟုသုတပေးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်စဉ် ပြောကြားသည့် အမှာစကား

(၁ - ၄ - ၂၀၂၄)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဧပြီလ ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ် (၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

လှိုက်လှဲနွေးထွေးစွာကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ် (၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် မြဝတီစာပေတိုက်မှ ထုတ်ဝေလျက်ရှိသည့် တေဇရုပ်စုံ စာစောင်နှင့် မိုးသောက်ပန်းဂျာနယ်တို့အား Amuze Webtoon Application တွင် ထည့်သွင်းခြင်းတို့ကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးပြီး Amuze Webtoon Application တွင် ထည့်သွင်းခြင်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက “အောင်လံလွှင့်ချီ ကကပြည်” တေးသီချင်းဖြင့် သီဆိုကပြဖော်ဖြေတင်ဆက်ကြပြီး (၇၇) နှစ်မြောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ပြသသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့

ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်အငြိမ်းစားတပ်မတော် အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့၏ ခရီးသည် ယနေ့ဆိုပါက (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရှည်လျားသည့် သမိုင်းခရီးတစ်လျှောက် မဆုတ်မနစ်သော ဇွဲလုံ့လ ဝီရိယတို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူအသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပြည်သူ့ဆက်ဆံရေး (Public Relation) ဆိုသည်မှာ စစ်ဘက်-နယ်ဘက် ဆက်ဆံရေးအထိ သက်ရောက်မှုရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဟူသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်ဖြင့်တည်ဆောက်ခြင်း၊ ပြည်သူကြားက မွေးဖွားလာသော တပ်မတော်နှင့် ပြည်သူကို တစ်သားတည်းဖြစ်စေခြင်းဆိုသည်အထိ စွမ်းပကားရှိကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့များသည် တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့သိသင့်သိထိုက်သည့် အသိပညာများနှင့် တတ်ကျွမ်းရမည့် အတတ်ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များပီပီ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများကို လေးနက်စွာခံယူနားလည်ပြီး တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပါ နိုင်ငံချစ်စိတ် ပိုမိုမြင့်မားလာစေရေး၊ အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်များ ပိုမိုတိုးတက်လာစေရေးတို့ကို တစိုက်မတ်မတ် ကြိုးပမ်းထမ်းရွက်သွားကြရန်လိုကြောင်းကို အလေးအနက်ထား တိုက်တွန်းလိုကြောင်း။

ပြည်သူ့ဆက်ဆံရေး (Public Relation) ဆိုသည်မှာ စစ်ဘက်-နယ်ဘက် ဆက်ဆံရေးအထိ သက်ရောက်မှုရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဟူသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်း၊ ပြည်သူကြားက မွေးဖွားလာသော တပ်မတော်နှင့် ပြည်သူကိုတစ်သားတည်းဖြစ်စေခြင်း ဆိုသည်အထိ စွမ်းပကားရှိ။

တာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့ဝင်များ၏ ပင်ကိုပါရမီနှင့် အသီးသီးသင်ကြားတတ်မြောက်ထားသည့် စာပေ၊ ဂီတ၊ အနုပညာ၊ မီဒီယာဆိုင်ရာ အတတ်ပညာရပ်များဖြင့် တပ်မတော်သားများနှင့် တပ်မတော်သား မိသားစုဝင်များ၏ ပညာရည်မြင့်မားရေး၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ ရှေ့တန်းရောက် တပ်မတော်သားများ၏ တိုက်ပွဲဝင်စိတ်ဓာတ်များ ရှင်သန်နိုးကြားစေရေး တို့အတွက်လည်း သမိုင်းအဆက်ဆက်မှ ယနေ့ထက်တိုင် ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို တွေ့မြင်နေရဆဲ ဖြစ်ကြောင်း။

အနုသုခုမနှင့်သာမက တိုက်ပွဲဝင်စည်းရုံးရေး သင်တန်းကျောင်းများ အသီးသီးကလည်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ တိုက်ပွဲဝင်စိတ်ဓာတ်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ မကြာခင် စစ်မှုထမ်းကြတော့မည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ် ထာဝရကိန်းအောင်းသွားစေရေး ဆောင်ရွက်သွားရန် လိုသကဲ့သို့ နောင်တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် နိုင်ငံသားများကိုလည်း နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ကြမည်ဟူသည့် ခံယူချက်မျိုးဖြစ်လာရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်များသည် စာပေ၊ ဂီတ၊ မီဒီယာ စသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် အနုပညာဆိုင်ရာ သဘောသဘာဝအပေါ် အခြေခံပြီး ဖွဲ့စည်းထားသည့် တပ်ဖွဲ့များဖြစ်သောကြောင့် တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ ပေးအပ်လာသည့် တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိက မဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မှန်ကန်သည့်အသိ၊ ခိုင်မာသည့် ခံယူချက်ကောင်းများနှင့် မိမိတို့ ကိုယ်စီတတ်မြောက်ကျွမ်းကျင်ထားကြသည့် အတတ်ပညာစွမ်းအားများပေါင်းစပ်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအားမာန်များ ပိုမိုခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့များ၏ သမိုင်းနှင့်အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး တပ်ဖွဲ့၏ မူလရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေးရာနှင့် မျက်မှောက်ခေတ် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်မှ နိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် ကျရောက်လာမည့် မည်သည့် အန္တရာယ်မျိုးမဆို ကာကွယ်နေချိန်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် တပ်မတော်မှ အားကိုးရသည့် လက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်စေရန် တပ်ဖွဲ့ဝင်တိုင်း၏ အသိပညာ၊ အတတ်ပညာ စွမ်းပကားများကို တိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့်ခရီးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် လေးလေးနက်နက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

■ ■ ■

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၃-၄-၂၀၂၄)

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်း တပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီလ(၃)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧနီးဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဧနီး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဧနီး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဧနီး၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရွှေ၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းနာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဧနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် "စာပဒေသာ ဝေဆာစေမည်" ဗီဒီယို Clip ကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားများနှင့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကဲ့သို့ အခမ်းအနားများတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ခင်းကျင်း

ပြဿသည့် ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့် စာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြောင်း၊ အဆိုပါစာအုပ်များ အနက် လက်ရှိအချိန်အခါတွင် ထပ်မံထုတ်ဝေသင့်သည့် စာအုပ်များ၊ ဟောင်းနေသော်လည်း ပြည်သူများ ဖတ်ရှုလေ့လာသင့်သည့် စာအုပ်များ၊ လူငယ်လူရွယ်များအတွက် အသိပညာဗဟုသုတဖြစ်စေမည့် စာကောင်းပေမွန်များ၊ ပြည်သူကို အကျိုးပြုသည့် သုတ၊ ရသစာအုပ်များကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန် အမြဲလမ်းညွှန်မှာကြားခဲ့ကြောင်း။

အဆိုပါ စာအုပ်များအတွင်းမှ ယနေ့မိမိတို့ မိသားစုက မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းကို လှူဒါန်းမည့် လူထုသိပ္ပံကျမ်းအတွဲများလည်းပါဝင်ကြောင်း၊ လူထုသိပ္ပံကျမ်းများကို လွတ်လပ်ရေးရပြီးကာလ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း အတွဲ(၉)တွဲအထိ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး(စာပေဗိမာန်)က ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း၊ လူထုသိပ္ပံကျမ်းများတွင် စကြဝဠာ၊ ကမ္ဘာမြေ၊ ဘဝအကြောင်းရပ်များ၊ အပင်၊ တိရစ္ဆာန်၊ ဒြပ်နှင့်စွမ်းအင်၊ စက်မှုလက်မှုနှင့် လူ့အဖွဲ့အစည်း စသည်များကို သုတေသနလုပ်ငန်းများ ပြုလုပ်ပြီး အသိဉာဏ်ပညာတိုးတက်စေရန် ရည်ရွယ်ပြုစုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစာအုပ်များသည် ယနေ့အချိန်တွင် လူငယ်လူရွယ်များ လေ့လာသင့်သည့် စာအုပ်များဖြစ်သဖြင့် မိမိအကြံပြုလမ်းညွှန်သည့်အတိုင်း ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေနေပြီ ဖြစ်ကြောင်း။

ဆက်လက်ထုတ်ဝေသွားမည်

ယခုအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနက လူထုသိပ္ပံကျမ်းအတွဲ (၁)၊ (၂)၊ (၃) သုံးအုပ်ကို ထပ်မံထုတ်ဝေပြီးဖြစ်ကြောင်းနှင့် အတွဲ (၄) နှင့် (၅) နှစ်အုပ်ကိုလည်း ဆက်လက်ထုတ်ဝေရန် ဆောင်ရွက်နေကြောင်း၊ ကျန်သည့် အတွဲများကိုလည်း ဆက်လက်ထုတ်ဝေသွားမည်ဟု သိရှိရကြောင်း၊ အဆိုပါစာအုပ်များသည် ယနေ့လူငယ်လူရွယ်များ သိသင့်သိထိုက်သည့်၊ လေ့လာဖတ်ရှုသင့်သည့် အသိပညာဗဟုသုတများပါခြင်းကြောင့် မိမိနှင့် မိသားစုက ယခုစာအုပ်များကို စာကြည့်တိုက်များတွင် လှူဒါန်းလိုသည့် စိတ်ဆန္ဒပေါ်ပေါက်လာပြီး ထုတ်ဝေပြီးသည့် အတွဲ(၃)တွဲမှ အတွဲတစ်တွဲကို အုပ်ရေ(၁၅၀၀)စီဖြင့် စာအုပ်ပေါင်း

စာအုပ်စာပေဆိုသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်ကြောင်း၊ စာအုပ်၏ တန်ဖိုးကို ဖော်ပြ၍ရသော်လည်း စာဖတ်သူတို့ရသည့် အသိက တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိမည်ဖြစ်ကြောင်း။

၄၅၀၀ ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းကို အုပ်ရေ ၃၀၀၀ နှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များအတွက် အုပ်ရေ ၁၅၀၀ လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ အလားတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း သုတ၊ ရသစာအုပ် ၅၅၀၀ ကို တစ်ပါတည်း လှူဒါန်းမည်ဖြစ်ကြောင်း၊ လူထုသိပ္ပံကျမ်း အတွဲ (၄) နှင့် (၅) ထုတ်ဝေပြီးပါကလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း။

စာအုပ်စာပေဆိုသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်ကြောင်း၊ ယခုလှူဒါန်းသည့် စာအုပ်များသည် လွန်ခဲ့သည့် နှစ် (၆၀) ကျော်က ဆိုသော်လည်း ယနေ့ခေတ်လူငယ်များ မသိနိုင်သေးသည့် အကြောင်းအရာများစွာပါဝင်ကြောင်း၊ မိမိပင်လျှင် တချို့မသိကြောင်း၊ ထို့ကြောင့် ယခုလှူဒါန်းသည့် စာအုပ်များကို တစ်လတွင် လူတစ်ယောက်ဖတ်ဖြစ်လျှင် တစ်နှစ်လျှင် စာဖတ်သူဦးရေ ၅၄၀၀၀ ကို အသိပညာများ ရစေမည်ဖြစ်ကြောင်း၊ စာအုပ်၏ တန်ဖိုးကို ဖော်ပြ၍ရသော်လည်း စာဖတ်သူတို့ရသည့်အသိက တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိမည်ဖြစ်ကြောင်း။

လေ့လာဖတ်ရှုလျက်ရှိ

မိမိနှင့် မိမိ၏ဇနီးပါ စာပေဗိမာန်စာအုပ်အသင်းဝင်များဖြစ်ကြကြောင်း၊ ယနေ့အထိ နှစ်စဉ်အသင်းဝင်သက်တမ်းတိုးမြှင့်ပြီး အသင်းဝင်ဖြစ်နေခြင်းကြောင့်

စာပေဗိမာန်က ဖြန့်ဝေပေးပို့သည့် လက်စွဲစာစဉ်များကို ပုံမှန်ရရှိပြီး အမြဲပင်ဖတ်ရှုလေ့လာဖြစ်ကြောင်း၊ အခြားစာအုပ်စာပေတိုက်များက ထုတ်ဝေသည့် စာအုပ်စာစောင်များကိုလည်း ဖတ်ရှုလေ့လာသင့်သည်များကို ရှာဖွေဝယ်ယူပြီး အချိန်ပေးကာ လေ့လာဖတ်ရှုလျက်ရှိကြောင်း၊ အလုပ်များသည်ဖြစ်သော်လည်း နေ့စဉ်စာဖတ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ပညာရေးကဏ္ဍကို တိုးတက်မြင့်မားလာအောင် ဘက်ပေါင်းစုံက မြှင့်တင်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်စေရေး အခြေခံပညာ အဆင့်တွင် အခမဲ့ပညာရေးနှင့် လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းရအောင် လုပ်ဆောင်ပေးနေကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သကဲ့သို့ ပညာရေးသည်လည်း နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် ပညာတတ်လူငယ်များဖြစ်လာအောင်၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်အောင်၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်း မရှိအောင်၊ တန်းစဉ်ကူးပြောင်းမှုတွင် အရေအတွက်သာမက အရည်အချင်းပါ လျော့နည်းမသွားအောင် အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပညာသင်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိ လူဦးရေ ၅၆ သန်းကျော်ရှိသည့်အနက် ဘွဲ့ရသူသုံးသန်းခန့်သာရှိကြောင်း၊ အသက် ၂၅ နှစ်အထက် ၂၅ ဒသမ ၁၇ သန်းခန့်တွင် မူလတန်းနှင့် အလယ်တန်းအဆင့်ရှိသူ ၇၀ ရာခိုင်နှုန်းခန့်၊ ဘွဲ့ရနည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာပြီးမြောက်သူဦးရေသည် တစ်နိုင်ငံလုံးတွင် ၁၃ ရာခိုင်နှုန်းခန့်သာရှိသည်ကို စာရင်းဇယားများအရသိရကြောင်း၊ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်း ဖြစ်သဖြင့် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်နေကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အခြေခံပညာအဆင့်တွင် KG+9 အထိ မသင်မနေရစနစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ တာဝန်ယူဆောင်ရွက်နေချိန်တွင် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး မလွှဲမရှောင်သာ ကျောင်းထွက်သွားကြရမည့် လူငယ်များအတွက် ဘဝတွင် သက်မွေးပညာတစ်ခုခုပါသွားစေရေး အခြေခံပညာ အထက်တန်းအဆင့်တွင် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန် အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး သက်မွေးပညာများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် ၅၀ က အထက်တန်းကျောင်း ၅၁ ကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ယခုလာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နောက်ထပ် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေး

ဘဝအတွက် စာဖတ်ရန်လိုအပ်သည့် စကားတစ်ခုမှတ်သားမိကြောင်း၊ ၎င်းမှာ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာ လမ်းလျှောက်နေသည့် သူနှင့်တူသည်ဟုဆိုကြောင်း၊ ထို့ကြောင့် စာပေလေ့လာဖတ်ရှုကြရန် တိုက်တွန်းကြရမည်ဖြစ်ကြောင်း၊ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့ အားပေးကြရမည်ဖြစ်ကြောင်း၊

ရုပ်ဝတ္ထုပစ္စည်းများ
မည်မျှပင်တိုးတက်ပါစေ၊
အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို
ကိုင်တွယ်အသုံးပြုကြသည့် လူသားများ၏
စိတ်ဓာတ်များသည် မတိုးတက်၊ မမှန်ကန်၊
အားနည်းနေမည်ဆိုပါက
ကောင်းကျိုးထက် ဆိုးကျိုးများနှင့်လည်း
ကြုံရနိုင်ခြေများကြောင်း၊ အရာရာတွင်
စိတ်က ဦးဆောင်သည်ဖြစ်သဖြင့်
အသိဉာဏ်ပညာပြည့်ဝကြမှသာ
ကောင်းကျိုးပြည့်ဝသည့် ပတ်ဝန်းကျင်ကို
ဖန်တီးနိုင်မည်ဖြစ်ကြောင်း။

စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း။

အသိပညာမြင့်မားအောင် လုပ်ဆောင်ကြရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးကို လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များကို အမှန်တကယ် အားကိုးအားထားပြုကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် ခရိုင်နှင့်မြို့နယ်အဆင့် စာကြည့်တိုက်ပေါင်း ၄၁၀ ကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူပြီး ဖွင့်လှစ်ပေးနေကြောင်း၊ အဆိုပါ စာကြည့်တိုက်များသည် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်များပင်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော် ဖွင့်လှစ်ထားသည်ဟုလည်း သိရကြောင်း၊ ယခုဖွင့်လှစ်နေသည်ဆိုသည့် အဆိုပါ စာကြည့်တိုက်များသည် စာကြည့်တိုက် အဆောက်အအုံများ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းဖတ်ရှုသူများ၊ စာကြည့်တိုက်ရန်ပုံငွေများ၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများရှိပြီး စာကြည့်တိုက်လုပ်ငန်းများကို ပုံမှန်လည်ပတ်နေသည့် စာကြည့်တိုက်များပင်ဖြစ်သည်ဟု သိရကြောင်း၊ ယခင်က ယခုထက်များပြားသည့် အရေအတွက်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်လုပ်ငန်းများ ရပ်နားသွားခဲ့သည်ဟုလည်း သိရကြောင်း။

ယခုကဲ့သို့ ပျက်စီးလျှော့နည်းသွားသည့် စာကြည့်တိုက်များကို ယခင်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက်လည်း မိမိတို့လုပ်ဆောင်ပေးရန်လိုကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်အခါ နိုင်ငံတော်အစိုးရတစ်ခုတည်းကသာ ဆောင်ရွက်၍မရဘဲ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သည့် NGOs များကပါ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရွာတစ်ရွာကဲ့သို့ဖြစ်နေပြီး Global Village ဟု တင်စားပြောဆိုကြသည်မှာ မှန်ပါကြောင်း၊ သို့သော် ရုပ်ဝတ္ထုပစ္စည်းများ မည်မျှပင်တိုးတက်ပါစေ၊ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြုကြသည့် လူသားများ၏ စိတ်ဓာတ်များသည် မတိုးတက်၊ မမှန်ကန်၊ အားနည်းနေမည်ဆိုပါက ကောင်းကျိုးထက် ဆိုးကျိုးများနှင့်လည်း ကြုံရနိုင်ခြေများကြောင်း၊ အရာရာတွင် စိတ်က ဦးဆောင်သည်ဖြစ်သဖြင့် အသိဉာဏ်ပညာပြည့်ဝကြမှသာ ကောင်းကျိုးပြည့်ဝသည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံနှင့်ပြည်သူကိုအကျိုးပြုမည့် စာကောင်းပေမွန်များကို များများရေးသား ပြုစုထုတ်ဝေပေးကြရန်၊ ထုတ်ဝေပြီးသား စာအုပ်စာစောင်အဟောင်းများအနက် အသိပညာဗဟုသုတပေးနိုင်မည့်စာအုပ်ကောင်းများကိုပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်အောင် ကြိုးစားပေးကြရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန်ပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရန် တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ/ ဆရာမများက ကြိုးစားဆောင်ရွက်ပေးကြရန်၊ ကျောင်းစာကြည့်တိုက်များ၊ ရပ်ကွက် ကျေးရွာစာကြည့်တိုက်များ တိုးပွားရေး၊ ရေရှည်တည်တံ့ရေး၊ တိုးတက်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၁၀ - ၄ - ၂၀၂၄)

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ နေပြည်တော်စာရေးဆရာ အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် “သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်” ဗီဒီယို Clip ကို ကြည့်ရှုကြသည်။

စာကြည့်တိုက်များတိုးတက်အောင်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဧပြီ ၃ ရက်နေ့က ယခုခန်းမထဲမှာပင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့များရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ကျင်းပခဲ့ကြောင်း၊ ထိုအချိန်၌ ပြည်သူများအားလုံး အသိပညာဗဟုသုတများ တိုးတက်စေရေးအတွက် စာကြည့်တိုက်များ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သည်ကို စဉ်းစားမိခဲ့ကြောင်း၊ ထို့ကြောင့် စာအုပ်စာစောင်များ ထပ်မံလှူဒါန်းနိုင်ရေး စီစဉ်ရန် တာဝန်ရှိသူများကို ညွှန်ကြားခဲ့ပြီး ယနေ့ကျင်းပ

သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာဝေါဟာရ၌ စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်နှင့် ဌာနရမ်းရန်စာအုပ်များ ခင်းကျင်းထားသော နေရာဟု ရေးသားထားသည်ကို မှတ်သားမိကြောင်း၊ မိမိတို့နိုင်ငံတွင် စာကြည့်တိုက်များ တည်ဆောက်ထားသည်ကို တွေ့ရှိရပြီး ပကတိအခြေအနေနှင့် ကိုက်ညီသည့် စာကြည့်တိုက်များ ဖြစ်စေရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်နှင့်အထက် လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိသည်ဟု သိရကြောင်း၊ အဆိုပါ လူဦးရေတွင် ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အသက် ၂၅ နှစ် အထက် ၂၅ ဒသမ ၁၆၉ သန်းခန့်တွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း ၉ သိန်းကျော်ရှိကြောင်း၊ မူလတန်းနှင့် မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း ၁၂ ဒသမ ၈၃ သန်းရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ၂၁ ဒသမ ၇၂ ရာခိုင်နှုန်း ၅ ဒသမ ၄၆ သန်းရှိကြောင်း၊ အထက်တန်းအဆင့်ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘွဲ့ရသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်း ၂ ဒသမ ၆၈ သန်းရှိသည်ကို စာရင်းဇယားများအရ သိရကြောင်း၊ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သဖြင့် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်ကြောင်း။

အလုပ်အကိုင်နှင့်ပတ်သက်၍ လယ်ယာသစ်တောသားငါးကဏ္ဍ၊ ဝန်ဆောင်မှုနှင့် အရောင်းအဝယ်ကဏ္ဍ၊ အခြေခံလက်မှုပညာနှင့် ဆက်စပ်လုပ်ငန်းများကဏ္ဍ စသည့် အထွေထွေအခြေခံ လုပ်ငန်းများကို နိုင်ငံ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်က လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင် နေထိုင်ကြကြောင်း၊ ကျေးလက်နေပြည်သူများ အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သစ်ဝါးနှင့် ပတ်သက်သည့် လုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ စီးပွားရေးနှင့် အသိပညာဗဟုသုတကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ပညာရေးအတွက် အထောက်အကူပြုစေမည့် စာကြည့်တိုက်များ တည်ဆောက်ပေးခြင်းသည် အလွယ်ကူဆုံးနည်းလမ်းပင်ဖြစ်ကြောင်း။

စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိ

မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၇၁ မြို့ရှိသဖြင့် စုစုပေါင်း ၈၀၁ မြို့ရှိကြောင်း၊ ရပ်ကွက်ပေါင်း ၃၄၈၅ ခု၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၁၀ ရှိကြောင်း၊ ထိုအထဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက်

> **အသိပညာများပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် စာကြည့် တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်၊ ထိုသို့ ဆောင်ရွက်ချိန်တွင်လည်း စာကြည့်တိုက်များရှိ စာအုပ်များသည် ဒေသရှိပညာရေးကို ကြည့်၍ အများနားလည်နိုင်သည့် စာအုပ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လို၊ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်၊ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှု ဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရ အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရမည်ဖြစ်။**

၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းထောက်ပံ့မှုနှင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိသည်ဟု သိရကြောင်း၊ နိုင်ငံတွင်း၌ စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ပေးရန် လိုအပ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်အင်္ဂါရပ်များနှင့် ပြည့်စုံအောင် အဆောက်အအုံများနှင့် လိုအပ်သည့် အသုံးအဆောင်များ၊ စာအုပ်များကို ဖြည့်ဆည်းပေးသွားရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ပြီး ကျေးလက်တွင် အဓိကဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေသူများကို အသိပညာများ ပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင်လည်း စာကြည့်တိုက်များရှိ စာအုပ်များသည် ဒေသရှိပညာရေးကိုကြည့်၍ အများနားလည်နိုင်သည့်စာအုပ်များဖြစ်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းနယ်ပယ်များအလိုက် အသိပညာများ ရရှိနိုင်သည့် စာအုပ်များကို ထားရှိပေးနိုင်ရန်လိုကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည်များ၊ ရေရှရှိရေးနှင့် ရေသုံးစွဲမှုနည်းလမ်းများစသည့် ပညာရပ်များကို သိရှိနားလည်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်

စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုကြောင်း၊ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း၊ ထိုသို့ အသိပညာဗဟုသုတများ ကြွယ်ဝလာခြင်းဖြင့် ဘဝအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ ဖတ်ရှုသိရှိထားသည့် အသိပညာဗဟုသုတများကို လူအများသိရှိစေရေးအတွက် ပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးပေးခြင်းများ ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရပ်ကွက်အလိုက်၊ကျေးရွာအလိုက်အသိပညာနှီးနှောဖလှယ်ဆွေးနွေးလှုပ်ရှားမှုများကို အပတ်စဉ်အလိုက်၊ လစဉ်အလိုက် ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာစကားပုံတွင် "ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်"ဟူ၍ ရှိကြောင်း၊ အလားတူ စာပေအသိပညာ မရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို မိမိတို့ မြင်တွေ့နေကြရပြီး ၎င်းတို့၏ လူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေရေးနှင့် အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင်လည်း ခေတ္တခဏာသာ ဆောင်ရွက်ခြင်းထက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေး"** နှင့် **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဟူသည့် နိုင်ငံရေးမျှော်မှန်းချက်နှစ်ခုနှင့် **"တိုင်းပြည်သာယာဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"** ဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ပြီး ယင်းရည်မှန်းချက်များ အောင်မြင်စေရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင် အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် မဖြစ်မနေ လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်ရေးနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူပြည်သားများ အသိပညာ၊ အတတ်ပညာများ ရရှိစေရေးအတွက် ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ပညာရရှိစေရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ စာအုပ်စာပေများကို သက်သာသည့် စျေးနှုန်းများဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်

လိုကြောင်း၊ ကျေးလက်များကို အကျိုးပြုသည့် စာအုပ်များကိုလည်း ထုတ်ဝေသွားကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေဖြန့်ချိလျက်ရှိသော်လည်း နိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့ရောက်ရှိမှုအားနည်းမှုနှင့် ဖတ်ရှုသူနည်းပါးမှုတို့ကို တွေ့ရှိရကြောင်း၊ သတင်းစာဟူသည်မှာ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် သတင်းအချက်အလက်များကို အမြန်ဆုံးသိရှိစေရေး ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သဖြင့် နယ်မြို့၊ ကျေးရွာများသို့ အမြန်ဆုံးရောက်ရှိနိုင်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်၌ သတင်းစာများကို အမြန်ဆုံးဖတ်ရှုနိုင်ရေးအတွက် အွန်လိုင်းစာမျက်နှာများ၌လည်း နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သတင်းစာများ၌ ပါရှိသည့် သတင်းအချက်အလက်များ၊ ဆောင်းပါးများသည်လည်း ပြည်သူလူထုကို အမှန်တကယ်အကျိုးပြုနိုင်ရန်လိုပြီး နားလည်သဘောပေါက်လွယ်ကူစေမည့် အသုံးအနှုန်းများ၊ အရေးအသားများကို သုံးနှုန်းကြရန်လိုကြောင်း။

ယနေ့အခမ်းအနားတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များနှင့် အလှူငွေများ လှူဒါန်းမှုသည် တန်ဖိုးကြီးမားသည့် လှူဒါန်းမှု၊ မွန်မြတ်သည့် အသိပညာစာပေအလှူဖြစ်သည့်အတွက် အလှူရှင်များအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ စာအုပ်စာပေဟူသည် မည်မျှပင်ဟောင်းနေသည်ဖြစ်စေ မဖတ်ရသေးသူများအတွက် အသစ်ပင်ဖြစ်ပြီး အသိပညာအသစ်များကို ရရှိသွားစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့် စာပေအသိပညာ လှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံအဝန်း၌ မကြာခဏဆောင်ရွက်ပေးမည်ဆိုပါကတိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်း၊ မိမိတို့၏ နိုင်ငံသားများ အားလုံး အသိပညာ၊ အတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

ဘာသာပေါင်းစုံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၁၂-၄-၂၀၂၄)

ဘာသာပေါင်းစုံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဧပြီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဧမျှသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ နေပြည်တော်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန်ဘာသာရေး အသင်းအဖွဲ့များ၊ အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့များ၊ ဟိန္ဒူဘာသာရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအခမ်းအနားကို နှစ်သစ်ကူးအခါသမယတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထူးခြားသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ဘာသာပေါင်းစုံနှင့်ပတ်သက်ပြီး မေတ္တာလက်ဆောင်တစ်ခုပေးချင်သဖြင့် ယခုအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၄ သန်းခန့်နေထိုင်ကြပြီး မိရိုးဖလာဗုဒ္ဓဘာသာကိုးကွယ်မှု ၉၀ ရာခိုင်နှုန်းခန့်၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ ၆ သန်းနီးပါးခန့်၊ အစ္စလာမ်ဘာသာကိုးကွယ်သူ ၂ သန်းကျော်ခန့်နှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူ ၅ သိန်းကျော်ခန့်ရှိပြီး အခြားဘာသာများလည်း ကိုးကွယ်သူများ ရှိကြကြောင်း၊ မိရိုးဖလာကိုးကွယ်သူများ ရှိသကဲ့သို့ မိဘကြောင့်၊ ဇနီး၊ ခင်ပွန်းကြောင့် ဘာသာပြောင်းလဲ၍ ကိုးကွယ်သူများလည်းရှိကြောင်း၊ မည်သို့ပင်ဆိုစေ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ အခန်း ၈ ၌ နိုင်ငံသူ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပုဒ်မ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၄ တို့တွင် ဘာသာရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီး ဥပဒေအရ အာမခံချက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်ထဲတွင် ဥပဒေအရ ပြဋ္ဌာန်းသည်ဖြစ်စေ၊ မပြဋ္ဌာန်းသည်

ဖြစ်စေ နိုင်ငံသားတစ်ယောက်အနေဖြင့် ခံယူအပ်သည့် သဘောထားဟု ယူဆကြောင်း။

ဘာသာရေးဆိုသည်မှာ ဦးမိုးချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးသည်သာဖြစ်ကြောင်း၊ ဘာသာရေးကို အမှန်တကယ် ထိထိရောက်ရောက် ရိုးရိုးသားသားဖြင့် ဆောင်ရွက်မည်ဆိုပါက ဒေသအားလုံးတွင် တည်ငြိမ်အေးချမ်းမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်သည့် အခြေခံပင်ဖြစ်ကြောင်း၊ ဘာသာတရားများ၏ အခြေခံအားလုံးတွင် အဆိုပါအချက်များ ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အသိအမှတ်ပြု

နိုင်ငံတော်အနေဖြင့် မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှုအများဆုံးဖြစ်သော်လည်း အခြားဘာသာကိုးကွယ်သူများကိုလည်း အသိအမှတ်ပြုပြီး လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုများကို ရရှိမည်ဟု ယုံကြည်ကြောင်း၊ ကမ္ဘာ့နိုင်ငံများကို ကြည့်ပါကလည်း မိမိတို့နိုင်ငံကဲ့သို့ အခြေအနေမျိုးရှိသည့် နိုင်ငံများရှိသကဲ့သို့ ဘာသာတစ်ခုတည်းကိုသာ အခွင့်အရေးပေးပြီး အခြားဘာသာရေးများကို အခွင့်အရေးမပေးသည့် နိုင်ငံများလည်းရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အချို့နေရာများတွင် ဘာသာရေးအရ ပဋ္ဌိပက္ခများ ဖြစ်ပွားပြီး ဘာသာရေးအရ တည်ငြိမ်မှု ပျက်ပြားခဲ့သည်များရှိကြောင်း၊ အလားတူ ဒေသအလိုက်တွင်လည်း ဘာသာရေးအရ ဖြစ်ပွားသည့် ပဋ္ဌိပက္ခများကို ထိန်းသိမ်းရန်ခက်ခဲသည်ကို တွေ့ရကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ဘာသာရေးအရဖြစ်ပွားခဲ့သည့် ပဋ္ဌိပက္ခများ နှစ်ပေါင်းများစွာဖြစ်ခဲ့ကြောင်း၊ မိမိခံယူချက်အရ ပြောရမည်ဆိုပါက ဘာသာရေးကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားမှု၊ ယုံကြည်မှုပျက်ပြားမှုများ မဖြစ်အောင် လုပ်သင့်သည်ဟု ယုံကြည်ကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလတွင် ဘာသာရေးကို အကြောင်းပြုပြီး ဖြစ်ခဲ့သည့် ဖြစ်စဉ်များလည်းရှိခဲ့ပြီး အဆိုပါဒေသအတွင်းရှိ ပြည်သူများ အနေဖြင့် မကောင်းသည့်အကျိုးကို ပိုမိုထိခိုက်ခံစားခဲ့ရကြောင်း၊ ထို့ကြောင့် အဆိုပါဘာသာရေးဆိုင်ရာ ပဋ္ဌိပက္ခများ မရှိအပ်ဟု ယုံကြည်ကြောင်း။

ပဋ္ဌိပက္ခများ ကင်းဝေးစေမည်

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးမဆုံးရှုံးခင် ကာလက မြန်မာနိုင်ငံ၏ မြို့တော်မှာ မန္တလေးမြို့ဖြစ်ကြောင်း၊ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် မင်းတုန်းမင်းခေတ်ကာလအထိ နိုင်ငံ့ခေါင်းဆောင်များက သာသနာပြုနှင့်ပတ်သက်၍ ချီးမြှင့်ခဲ့သည့် အစဉ်အလာကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ကိုးကွယ်မှုအလိုက် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသိအမှတ်ပြုခြင်း၊ တန်းတူရည်တူရှိခြင်းနှင့် အပြန်အလှန်လေးစားသမှုပြုခြင်းများရှိနေသမျှ ပဋ္ဌိပက္ခများ ကင်းဝေးစေမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်ပေးအပ်ခြင်းများရှိခဲ့သော်လည်း နိုင်ငံတော်အဆင့် အသိအမှတ်ပြု ချီးမြှင့်ခြင်းများ မတွေ့ရှိရဘဲ အခမ်းအနားများ တက်ရောက်သည်များကိုသာ တွေ့ရှိရကြောင်း။

လွတ်လပ်ရေးရရှိပြီးချိန်မှ ၂၀၀၈ ခုနှစ်အထိ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် တည်ရှိခဲ့ပြီး နောက်ပိုင်းတွင် နေပြည်တော်ကို နိုင်ငံ၏မြို့တော်အဖြစ် ပြောင်းရွှေ့ခဲ့ကြောင်း၊ နေပြည်တော်တွင် ဘာသာရေးဆိုင်ရာနေရာနှင့် အဆောက်အအုံများ အထိုက်အသင့်ရှိသည်ကို တွေ့ရကြောင်း၊ မိမိ နိုင်ငံတော်တာဝန် စတင်ယူချိန်တွင် ဘာသာရေးဆိုင်ရာ အချို့အခမ်းအနားများကို နိုင်ငံတော်ကို ကိုယ်စားပြု၍ တက်ရောက်ချီးမြှင့်ခဲ့ပြီး လိုအပ်ချက်များရှိသည်ကို တွေ့ခဲ့ရကြောင်း၊ ဘာသာရေး

> **ဘာသာရေးဆိုသည်မှာ ဦးမိုးချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးသည်သာဖြစ်၊ ဘာသာရေးကို အမှန်တကယ် ထိထိရောက်ရောက် ရိုးရိုးသားသားဖြင့် ဆောင်ရွက်မည်ဆိုပါက ဒေသအားလုံးတွင် တည်ငြိမ်အေးချမ်းမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်။**

ဆိုင်ရာ၊ သာသနာတော်ပြန့်ပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် မြေနေရာများ လိုအပ်သည်ကို တွေ့ရကြောင်း၊ အလားတူ နေပြည်တော်ကောင်စီ အနေဖြင့်လည်း တင်ပြမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် မြေနေရာများ ချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့အခမ်းအနား ဖြစ်မြောက်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာနှစ်သစ်ကူးအခါသမယအဖြစ် နှစ်သစ်ကူးလက်ဆောင်အဖြစ် အသိအမှတ်ပြု ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း။

ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဥဏှာတော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ကိုးကွယ်သည့်နိုင်ငံ၊ နေပြည်တော်သည် ဗဟိုချက်ဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဘုရားကြီးပရိဝုဏ်နှင့် ဆက်စပ်လျက်ရှိသည့်နေရာများတွင်လည်း ဘာသာရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်တစ်ခု တည်ဆောက်ရန် လျာထားကြောင်း၊ အလားတူ ထေရဝါဒဗုဒ္ဓသာသနာတက္ကသိုလ် တည်ဆောက်ရန် လျာထားကြောင်း၊ အိမ်နီးချင်း အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့တွင် ဗုဒ္ဓဘာသာကိုးကွယ်သူများရှိကြကြောင်း၊ အလားတူ ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာနေရာဖြစ်သည့် နီပေါ၊ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများသည်လည်း ဗုဒ္ဓဘာသာကိုးကွယ်သည့် နိုင်ငံများဖြစ်သဖြင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် ၎င်းတို့၏ နိုင်ငံကိုယ်စားပြုသည့်ကျောင်းများ လာရောက်တည်ဆောက်လိုပါက တည်ဆောက်နိုင်ရေးနေရာလျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာများအတွက်လည်း သင့်လျော်သည့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ တည်ဆောက်လိုပါကလည်း ခွင့်ပြုပေးရန် နေရာများ သတ်မှတ်ထားပြီးဖြစ်ကြောင်း။

အတူတကွယှဉ်တွဲနေထိုင်

နေပြည်တော်ကောင်စီနယ်မြေသည် ဘာသာပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ပြီး ငြိမ်းချမ်းစွာဖြင့် နေထိုင်နိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း၊ နေပြည်တော်တွင် ခရစ်ယာန်ဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်များ နည်းပါးကြောင်း၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် ဘာသာပေါင်းစုံ နေထိုင်သည့် နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်ပြီး နေပြည်တော်အား ဘာသာပေါင်းစုံကို ကိုယ်စားပြုသည့်နေရာတစ်ခုဖြစ်အောင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်ကတည်းက လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည်မှာ ယနေ့အချိန်အထိပင်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေးအယူအဆ၊ တိုင်းရင်းသားရေးအယူအဆများပေါ်တွင် မူတည်၍ ဖြစ်ပေါ်လာသည့် ပဋိပက္ခများဖြစ်ကြောင်း၊ အဆိုပါ ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် နိုင်ငံရေးအရ လွတ်လပ်ခွင့်နှင့် ဘာသာရေးအရ လွတ်လပ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများမှာ နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပြဿနာများကို နိုင်ငံရေးအရ ဖြေရှင်းခြင်း

လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများမှာ နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပြဿနာများကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ ပြည်ပမှ နိုင်ငံရေးအရ သွေးထိုးလှုံ့ဆော်မှု၊ တိုင်းရင်းသားရေးအရ သွေးထိုးလှုံ့ဆော်မှုနှင့် ဘာသာရေးအရ သွေးထိုးလှုံ့ဆော်မှုများကြောင့် အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်လာခြင်းဖြစ်။

မရှိဘဲ ပြည်ပမှ နိုင်ငံရေးအရ သွေးထိုးလှုံ့ဆော်မှု၊ တိုင်းရင်းသားရေးအရ သွေးထိုးလှုံ့ဆော်မှုနှင့် ဘာသာရေးအရ သွေးထိုးလှုံ့ဆော်မှုများကြောင့် အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်ပေါ်နေသည့် ပဋ္ဌိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ပြည်သူ့ပြည်သားတိုင်း သက်ဆိုင်ရာဘာသာတရားများအလိုက် ဘာသာရေးအသိများ ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ လူများ၏ အသိများကို ပြုပြင်နိုင်သည်မှာ ဘာသာရေးအသိပင်ဖြစ်ကြောင်း။

မိမိတို့၏ အန္တိမရည်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် လူတိုင်းလူတိုင်းသည် တရားဥပဒေနှင့်အညီ လုပ်ကိုင်စားသောက်၍ အေးချမ်းစွာဖြင့် အတူတကွ ယှဉ်တွဲနေထိုင်လိုသည့် စိတ်ဓာတ်မျိုးရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ တစ်ဖက်သို့ အစွန်းရောက်မည်ဆိုပါက တစ်ဖက်နှင့်တစ်ဖက် လွန်ဆွဲရုန်းကန်နေမည်ဖြစ်ပြီး ခွန်အားများ ကုန်ဆုံးနေမည်ဖြစ်ကာ သာယာဝပြောမှုသည်လည်း ဖြစ်လာနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံအသင်းအဖွဲ့များအနေဖြင့် အလေးအနက်ထား၍ ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိ၏ ရည်ရွယ်ချက်သည် နေပြည်တော်ကို ဗဟိုပြု၍ တိုင်းပြည်သာယာဝပြောရေးကို ဘာသာရေးပိုင်းဆိုင်ရာမှ ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ တာဝန်ရှိသူများ၊ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း တရားဥပဒေစိုးမိုးရေးကို ဒီမိုကရေစီအသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

စေတနာထား၍ဆောင်ရွက်

မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများသည် ကြိုးစားလိုစိတ်နှင့် အရည်အချင်းရှိသည့်၊ ဉာဏ်ရည်ထက်မြက်မှုရှိသည့် သူများဖြစ်ပြီး ပညာရှိအကျော်အမော်များစွာ ပေါ်ထွန်းခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယင်းကို ဆက်လက်ထိန်းသိမ်းရန်နှင့် ပိုမိုတောက်ပလာစေရေးအတွက် ဆောင်ရွက်ပေးရန်မှာ လက်ရှိပစ္စုပ္ပန်တွင် နေထိုင်လျက်ရှိသည့် မိမိတို့၏ တာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ အနာဂတ်ကို ကောင်းစေလိုပါက တိုင်းပြည်တွင် နေထိုင်ကြသူများ၏ အသိ၊ ပညာ၊ စိတ်ဓာတ်များ ကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး တိုင်းပြည်အပေါ်တွင် စေတနာထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဘာသာရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုကြောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများအနေဖြင့်လည်း တိုင်းပြည်ကို မည်သို့ကောင်းအောင် ဆောင်ရွက်မည်ဆိုသည့်စိတ်ဖြင့် စေတနာထား၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

■ ■ ■

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား

(၁၇ - ၄ - ၂၀၂၄)

ယနေ့ကျရောက်တဲ့ မြန်မာနှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသား ပြည်သူ အားလုံးအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ဘေးဘယာများ ကင်းဝေးပြီး စိတ္တသုခ၊ ကာယသုခတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ယခုကာလဟာ ကျွန်တော်တို့မြန်မာတွေရဲ့ အယူအဆအရ နှစ်ဟောင်းမှာ ပြုလုပ်မိတဲ့ မကောင်းတဲ့အတွေး၊ အပြုအမူနဲ့ လုပ်ရပ်များကို အတာသကြီန်ရေနဲ့ ဆေးကြောပြီး နှစ်သစ်မှာ ကောင်းမွန်တဲ့အရာများနဲ့ ပြန်လည်စတင်ဖို့ ပြင်ဆင်ကြ တဲ့ကာလဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့တဲ့နှစ် ဟောင်းကာလအတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပြီးဖြစ်ပါ တယ်။ ယခုနှစ်သစ်မှာလည်း ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်သူ့အားလုံးရဲ့ ဇွဲ၊ သတ္တိ၊ ခိုင်မာတဲ့ယုံကြည်ချက်တို့ နဲ့အတူ ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်အောင် ဆက်လက်ရင်ဆိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်သူ အားလုံး လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မယိမ်း ယိုင်စေဖို့ ဥပဒေနှင့်အညီ ထိန်းသိမ်းတည့်မတ်ပေးနေ သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက်လည်း ခိုင်မာ တဲ့ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံသားအားလုံးရဲ့ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့ အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုများ၊ နည်းလမ်းများကို အသုံးပြုပြီး ဆောင်ရွက်သွားမှာဖြစ်သလို နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေဖို့ လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရေးဟာ နိုင်ငံအတွက် အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ အထူးမေတ္တာရပ်ခံလိုတာကတော့ လာမယ့်ပညာသင်နှစ်မှာ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး နိုင်ငံသူနိုင်ငံသားများအားလုံး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံ့စီးပွားရေး မြှင့်တင်နိုင်ဖို့ အတွက်လည်း ကုန်ထုတ်လုပ်မှုနယ်ပယ်အားလုံးက ကြိုးစားဆောင်ရွက်ကြစေလိုပါတယ်။ အခက်အခဲအကျပ်အတည်းမျိုးစုံကြားက နိုင်ငံ့စီးပွားအတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပိတ်ဆို့တားဆီးမှုအပါအဝင် အခက်အခဲအချို့သာ မရှိခဲ့ရင် နိုင်ငံ့စီးပွားဟာ ဒီထက်မက များစွာတိုးတက်နေမှာဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

အလားတူ တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံရဲ့ငြိမ်းချမ်းရေးကို ရေတိုကာလအတွက်မဟုတ်ဘဲ အနာဂတ်မျိုးဆက်များအထိ တည်တံ့နေတဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ဟောင်းကာလအတွင်းမှာ အရှည်မမြော်တွေးတဲ့ လိုအင်ဆန္ဒတွေ၊ ဘေးပယောဂတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် အချို့သောကိုယ်ကျိုးအတွက် လွန်ကဲတဲ့သူတွေဟာ ဒေသမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ကိုယ့်ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်းကို ဒုက္ခတွင်းထဲရောက်အောင်တွန်းပို့ခဲ့တာကို တွေ့ကြုံခဲ့ရပြီးဖြစ်တာကြောင့် အရှည်ကိုမြော်တွေးပြီး ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးကွဲအောင်သပ်လျှိုသွေးခွဲနေတာကို ကျွန်တော်တို့အားလုံးရဲ့ သွေးစည်းညီညွတ်မှုနဲ့ တုံ့ပြန်ပြသဖို့ လိုပါတယ်။

"စုပေါင်းညီညာ အောင်ကြောင်းဖြာ"၊ "ကြိုးစားအားထုတ်မှုကောင်းမှ ရလဒ်ကောင်းမည်" ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး နှစ်ဟောင်းက တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်များကို သုံးသပ်ပြီး လာမယ့်နှစ်သစ်မှာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး နိုင်ငံတော်က ဆက်လက်လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်ပေးကြဖို့ ပြောကြားရင်း နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ်။

■ ■ ■

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)တွင် ပြောကြားသည့် အမှာစကား

(၂၂-၄-၂၀၂၄)

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)ကို ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကိုပြည်သူ့ပြည်သားများအားလုံး ပါဝင်၍ စည်ကားသိုက်မြိုက်စွာဖြင့် ဆင်နွဲနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အားလုံးပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွဲနိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လာမည့်အတာနှစ်သစ်ကူးအခါသမယများတွင်လည်း ယခုကဲ့သို့ တိုင်းသူပြည်သားများအားလုံး စိတ်နှလုံးပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွဲနိုင်ရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူးအခါသမယမှစ၍ နှစ်သစ်တွင် နိုင်ငံ့တာဝန်များကို ဆထက်ထမ်းပိုးဆောင်ရွက်သွားနိုင်ရေး ဆုမွန်ကောင်းတောင်းပါကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူ့ပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ စားရေရိက္ခာပေါများရေးအနေဖြင့် နိုင်ငံတော်တွင် လူတစ်ဦးချင်းစီသည် အခြေခံဝင်ငွေဖြင့်ပင် စိတ်အေးချမ်းသာစွာ နေထိုင်စားသောက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေး၊ စားသောက်ကုန်များနှင့် အခြေခံလူသုံးကုန်ပစ္စည်းများ သင့်တင့်မျှတသည့် စျေးနှုန်းများဖြစ်စေရေးနှင့် နိုင်ငံ၏ ငွေကြေးတန်ဖိုးများခိုင်မာစေရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့စီးပွားရေးတိုးတက်အောင်ဆောင်ရွက်နိုင်ရန်

အတွက် မိမိတို့နိုင်ငံတွင် မြေခံရေခံကောင်းများနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ သို့သော် စီးပွားရေးအရပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများနှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းများကြောင့် အခက်အခဲအချို့ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်များကို ကျော်လွှားနိုင်မည်ဆိုပါက ကုန်သွယ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားပိုမိုတိုးတက်ကာ ငွေကြေးတန်ဖိုးများလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုက်သင့်သည့်ငွေကြေးတန်ဖိုးတွင် တည်ငြိမ်နေရန်လိုကြောင်း။

တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ထုတ်ကုန်များ ပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ကုန်နှင့် လူသုံးကုန်များကို ဒေသအသီးသီး၌ ပြည့်စုံလုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်၊ စပါး အဓိက စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ရှေးယခင်က နိုင်ငံအတွင်း၌ပင် ဆန်၊ စပါးများ ရှားပါးသည်အထိ ဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ စာရင်းဇယားများအရ ၁၉၆၂-၁၉၆၃ ခုနှစ်တွင် စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၃၁ တင်းသာဖြစ်ပြီး ၁၉၆၇-၁၉၆၈ ခုနှစ်၌ ၂၈ ဒသမ ၃ တင်းအထိဖြစ်ခဲ့ဖူးကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဒေသတွင်း၌ ရာသီဥတုဖောက်ပြန်ဆိုးရွားမှုများကြောင့် စပါးအထွက်နှုန်းများ ကျဆင်းပြီး ဆန်စပါးများ ရှားပါးခဲ့ရခြင်းဖြစ်ပြီး ဒေသတွင်းရှိ နိုင်ငံများတွင်လည်း အလားတူဖြစ်စဉ်မျိုး ဖြစ်ပေါ်ခဲ့ခြင်းများရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် စပါးအထွက်နှုန်းများတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံအတွင်း၌ စားရေရိက္ခာဖူလုံမှုရှိစေရေး အမြဲဆောင်ရွက်နေရန်လိုကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံ၏ စိုက်ပျိုးစွမ်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်စွာထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံတကာတွင် စားနပ်ရိက္ခာလုံခြုံရေး Food Security ကို အထောက်အကူပြုနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ဝင်ငွေကိုလည်း တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

ဆီထွက်သီးနှံများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လို

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဆီထွက်သီးနှံထွက်ကုန်များကို ပြည်ပသို့တင်ပို့နေခြင်းများလည်းရှိကြောင်း၊ ဆီထွက်သီးနှံများအထွက်နှုန်း ပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးနှင့် အချက်အလက်များ မှန်ကန်စွာရယူနိုင်ရေး တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်

စီးပွားရေးအရပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပိတ်ဆို့ အောင် ဆောင်ရွက်နေခြင်းများကြောင့် အခက်အခဲအချို့ ဖြစ်ပေါ်နေခြင်းဖြစ်၊ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ ထုတ်ကုန်များ ပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးပင်ဖြစ်။

ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် အချက် ၄ ချက်သည် အဓိကအရေးကြီးသဖြင့် စနစ်တကျဖြင့် အသုံးချရန်လို ကြောင်း၊ ရေလုံလောက်စွာ ရရှိရေးအတွက် မြစ်ရေတင် စီမံကိန်းများကို စနစ်တကျဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိအချိန်သည် စိုက်ပျိုး ရေးလုပ်ငန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဆောင်ရွက်နိုင် ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံ များကို တစ်ဧကအထွက်နှုန်းအတိုင်း ပြည့်ဝစွာ ထွက်ရှိ အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည် ဖြစ်သဖြင့် ပြည်ပငွေသုံးစွဲမှု များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဝါဂွမ်းများ စိုက်ပျိုးထုတ်လုပ်လျက် ရှိရာ အချို့ကို ပြည်ပသို့တင်ပို့လျက်ရှိပြီး အချို့ကို ပြည်တွင်း၌ သုံးစွဲနေသည်ကိုတွေ့ရကြောင်း၊ အလားတူ ပြည်ပမှ ချည်နှင့်ပိတ်များကိုလည်း ပမာဏများစွာ တင် သွင်းနေရကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အဆင့်မီသည့် ဝါဂွမ်းများ ထုတ်လုပ်နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက် နိုင်မည်ဆိုပါက ပြည်ပမှ ချည်နှင့်ပိတ်များ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လာမည့် မိုးရာသီတွင် သီးနှံ များ အောင်မြင်ဖြစ်ထွန်းမှု ရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ယခုကတည်းက ဆောင်ရွက် ထားရှိရန်လိုကြောင်း။

သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လို

ယခုအခါ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက် ရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ခြင်း မပြုနိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များကို ကြိုတင်ပြင်ဆင်မှုများဖြင့် လျှော့ချနိုင် ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတွင် အတွေ့အကြုံများစွာရှိပြီးဖြစ်သဖြင့် ပင်လယ် ကမ်းရိုးတန်းဒေသများအနေဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် အရေးပေါ်အခြေအနေအတွက် လိုအပ် သည့် ကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက် နေရန်လိုကြောင်း၊ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများ ဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများ အလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံ တစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေး အတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို ကြောင်း၊ အလားတူ သစ်တောပြုန်းတီးမှုများ မရှိစေရေး အတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း။

အခြေခံပညာကျောင်းများ ကြိုတင်ပြင်ဆင်ထားရှိရန်လို

ဒွန်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် စာသင်ကျောင်းများ သန့်ရှင်း သာယာလှပရေး၊ ကျောင်းဥပဓိရုပ်များကောင်းမွန်စေ ရေးနှင့် ပရိဘောဂများပြည့်စုံကောင်းမွန်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှောင့်နှေးခဲ့ရသည့် ဒေသအချို့တွင်လည်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက် ထားကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန များအလိုက် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများကို ပညာရည်အဆင့်များအလိုက် ထိုက်သင့်သည့်ဘွဲ့များ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရ သည့်ကျောင်းများ ပြန်လည်ကောင်းမွန်စေရေးနှင့် လာမည့် ပညာသင်နှစ်တွင် ကျောင်းများအားလုံးဖွင့်လှစ်သင်ကြား နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းနေ အရွယ်ကလေးအားလုံး လုံလုံခြုံခြုံဖြင့် ပညာသင်ကြား နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ တစ်ဆက်တည်းတွင် စာကြည့်တိုက် များနှင့်ပတ်သက်၍လည်း စာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်မှုရှိစေရေး၊ စာကြည့်တိုက် များတွင် ရှိသင့်ရှိထိုက်သည့် စာအုပ်စာပေများ စုံစုံလင်လင် ထားရှိနိုင်ရေး၊ ကျေးလက်နေပြည်သူများ အသိပညာ

အကြမ်းဖက်မှုဖြစ်စဉ်များကြောင့်
ထိခိုက်ပျက်စီးခဲ့ရသည့်ကျောင်းများ
ပြန်လည်ကောင်းမွန်စေရေးနှင့် လာမည့်
ပညာသင်နှစ်တွင် ကျောင်းများအားလုံး
ဖွင့်လှစ်သင်ကြားနိုင်ရေး
ကြိုးပမ်းဆောင်ရွက်ကြရန်လို
စာကြည့်တိုက်များနှင့်ပတ်သက်၍လည်း
စာကြည့်တိုက်လုပ်ငန်းများ
စဉ်ဆက်မပြတ် လည်ပတ်မှုရှိစေရေး၊
စာကြည့်တိုက်များတွင် ရှိသင့်ရှိထိုက်သည့်
စာအုပ်စာပေများ စုံစုံလင်လင်
ထားရှိနိုင်ရေး၊ ကျေးလက်နေပြည်သူများ
အသိပညာတိုးပွားနိုင်ပြီး လူမှုစီးပွားဘဝ
ဖွံ့ဖြိုးတိုးတက်ရေးကိုအဓိက
အထောက်အကူပြုပေးနိုင်သည့်
စာအုပ်စာပေများ ထားရှိနိုင်ရေး
စဉ်ဆက်မပြတ်ကြိုးပမ်း
ဆောင်ရွက်သွားရန်လို။

တိုးပွားနိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူပြုပေးနိုင်သည့် စာအုပ်စာပေများ ထားရှိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် စာပေကုသိုလ်ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကောက်ရိုးမီးကဲ့သို့မဟုတ်ဘဲ ရေရှည်အတွက်ကြည့်၍ စီမံဆောင်ရွက်ကြစေလိုကြောင်း။

အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

အားကစားနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လှုပ်ရှားမှုအားနည်းချက်များရှိနေဆဲဖြစ်သည်ကို တွေ့မြင်နေရကြောင်း၊ ယှဉ်ပြိုင်မှုရှိမှသာ တိုးတက်မှုရှိမည်ဖြစ်သဖြင့် အားကစားသမားများ စဉ်ဆက်မပြတ် ယှဉ်ပြိုင်နိုင်ရေး အားကစားပွဲများကို ဒေသအလိုက် ကျင်းပပေးနေရန်လိုကြောင်း၊ ထိုသို့ကျင်းပပေးခြင်းအားဖြင့် စုစည်းညီညွတ်သည့်၊ အဖွဲ့အစည်းနှင့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်တတ်သည့် စိတ်ဓာတ်များနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ အားကစားသမားများ အနေဖြင့် ကျန်းမာကြံ့ခိုင်သည့် ရုပ်သွင်ပြင်လက္ခဏာရှိရန်လိုသကဲ့သို့ အားကစားစိတ်ဓာတ် အပြည့်ဖြင့် ယှဉ်ပြိုင်ရန်လိုကြောင်း၊ နိုင်ငံ၏ အားကစားအဆင့်အတန်းကို မဖြစ်မနေ မြှင့်တင်ပေးရန်လိုအပ်သည့်အတွက် မိမိတို့အားလုံး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက်အထွေထွေဆွေးနွေးခြင်းအဖြစ်ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါစေ့ဆီကြိတ်စက်နှင့် ဝါကြိတ်စက်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ဆောင် ရွက်နေမှုနှင့် ဝါသီးနှံမှတစ်ဆင့် စားသုံးဆီနှင့် အရည်အသွေးမီ ချည်မျှင်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ပြည်ပသို့ အလုပ်သမားများ စေလွှတ်ပေးနိုင်မှု အခြေအနေများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားရာတွင် ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်းရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် စာအုပ်စာစောင်များကို ဦးစားပေးအနေဖြင့် လှူဒါန်းကြစေလိုကြောင်း၊ အားကစားနှင့်ပတ်သက်၍လည်း အပျော်တန်းအဆင့်မှစ၍ Professional အဆင့်သို့သွားရခြင်းဖြစ်သဖြင့် သက်ဆိုင်ရာအားကစားနည်းအလိုက် နည်းပြများ၏ အရည်အချင်းများ ကောင်းမွန်စေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် အားကစားအသင်းများ

စတင်ဖွဲ့စည်းစဉ်ကပင် စနစ်တကျဖြင့် လေ့ကျင့်ပေးရန်လိုကြောင်းဖြင့်ပြောကြားသည်။

လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် မိဘ၊ ဆရာနှင့် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်း၍ အလေးထားဆောင်ရွက်ပေးကြစေလို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် လေကြောင်းလူငယ်နှင့် ရေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိဖြင့် အသုံးချနိုင်ရေး မိဘများနှင့် တာဝန်ရှိသူများအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ပညာသင်ကြားရာတွင် အခြေခံမှစ၍ သိရှိနားလည်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် မိဘ၊ ဆရာနှင့် တာဝန်ရှိသူများ အားလုံးက ဝိုင်းဝန်း၍ အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ပြောကြားသည့် သြဝါဒစကား

(၂၆ - ၄ - ၂၀၂၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဧပြီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ တွေ့ဆုံ၍ သြဝါဒစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးဝဏ္ဏမောင်လွင်၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့်ဦးရန်ကျော်၊ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လူရည်ချွန်မောင်မယ်များက အခမ်းအနားဖွင့်လှစ်ခြင်းအဖြစ် **"လင်းလက်ကြယ်များ တောက်ပချိန်"** အစီအစဉ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းအား သံပြိုင်သီဆို၍ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"ဘဝအမွန်လူရည်ချွန်"** တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် **"အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူရည်ချွန်မောင်မယ်များ"** Video Clip ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သြဝါဒ စကားပြောကြားရာတွင် မောင်တို့၊ မယ်တို့ လူငယ်များသည် ပြည့်ခွန်အားများဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးအတွက်

အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များလည်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပညာရယူနိုင်သည့် နည်းလမ်းအသွယ်သွယ်မှ မိမိတို့ကိုယ်တိုင် အပတ်တကုတ် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ခေတ်ကာလ၏ ဆန်းသစ်သည့် နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာကြီးကို လက်လှမ်းမီနိုင်ရန် မျိုးဆက်သစ် လူငယ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန် ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်ကြောင်း။

မောင်တို့မယ်တို့အပါအဝင် လူငယ်အားလုံး ပညာသင်ယူလေ့လာသည့်အခါတွင် စာပေဘာသာရပ်များကို တတ်မြောက်ထူးချွန်ရုံသာမကဘဲ စာပေပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များအတိုင်း ဘက်ပေါင်းစုံကထူးချွန်ထက်မြက်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းတတ်ရန်၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းတတ်ရန်၊ မိမိပတ်ဝန်းကျင်ကို အကျိုးပြုရန်၊ လူမှုအသိုင်းအဝိုင်းတွင် ကောင်းမွန်သည့်စိတ်ဓာတ်၊ ကောင်းမွန်သည့် အလေ့အကျင့်များနှင့် ဝင်ဆံ့အကျိုးပြုနိုင်ရန်၊ နိုင်ငံ့သားကောင်းမှသည် ကမ္ဘာ့သားကောင်းဖြစ်ရန် စသည့်အရည်အသွေးများနှင့် ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်ရန် လေ့လာသင်ယူပြီး လိုက်နာကျင့်သုံး သွားကြခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

လူရည်ချွန်များ ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျင်းပခဲ့ပြီး (၂၅)ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်နောက်ပိုင်း ခေတ္တရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် "ဘက်စုံ

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး
လုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့်
အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက်
လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊
ဘောဂ ဗလငါးတန်နှင့်ပြည့်စုံသည့်
လူတော်လူကောင်းများဖြစ်လာစေရန်
လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေး
လျက်ရှိ၊ လူငယ်များ၏ စူးစမ်းလိုစိတ်၊
တီထွင်ဖန်တီးလိုစိတ်၊
ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်
ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊
တိုင်းချစ်ပြည်ချစ်စိတ်များ
ရှင်သန်ကိန်းအောင်းလာစေရန်
ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့
ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့်
ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို
ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း
လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်။

ပညာ ထူးချွန်လူငယ်” စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် “လူရည်ချွန်စီမံကိန်း” အမည်ဖြင့် ပြန်လည်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အခြေအနေများကြောင့် ခေတ္တရပ်နားခဲ့ရကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစပြီး ပြန်လည်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ထပ်ကွမ်းလူရည်ချွန်များအပါအဝင် မောင်မယ်တို့နှင့် တွေ့ဆုံရသည့်အချိန်ကာလကို ရောက်ရှိလာခြင်းဖြစ်ကြောင်း။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ နဝမတန်း လူရည်ချွန် ၁၄၀ ဦး၊ ဒသမတန်း လူရည်ချွန် ၁၄၀ ဦး၊ ဧကာဒသမတန်း လူရည်ချွန် ၁၃၇ ဦးအပြင် ဒွါဒသမတန်း လူရည်ချွန် ၁၃၇ ဦး၊ စုစုပေါင်း ၅၅၄ ဦး ရွေးချယ်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင် KG+12 ပညာရေးစနစ်အရ အခြေခံပညာ၏ နောက်ဆုံးအတန်းဖြစ်သည့် ဒွါဒသမတန်းကို ဖွင့်လှစ်ခဲ့သည့်အတွက် လူရည်ချွန် ရွေးချယ်သည့်အခါ ဒွါဒသမတန်းကိုပါ ရွေးချယ်နိုင်ခဲ့ကြောင်း။

စနစ်တကျစိစစ်ရွေးချယ်ခဲ့

လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်သည့်အခါ စာပေဘာသာရပ်များကိုသာ စစ်ဆေးအကဲဖြတ်ရုံတစ်ခုတည်းမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာကောင်းမွန်မှုတို့ကိုပါ စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းပင်ဖြစ်ပါကြောင်း၊ မောင်တို့၊ မယ်တို့သည် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အဆင့်ဆင့် စိစစ်မှုကို ကျော်ဖြတ်ပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများဖြစ်သည့်အတွက် ဂုဏ်ယူသည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ယခုနှစ် လူရည်ချွန်မောင်မယ်များကို ယခင်နှစ်များအတိုင်း နဝမတန်းလူရည်ချွန်များကို ရှေးဟောင်း အမွေအနှစ်ဒေသ ပုဂံမြို့၊ ဒသမတန်း လူရည်ချွန်များကို ရှမ်းပြည်နယ် တောင်ပေါ်ဒေသ တောင်ကြီးမြို့၊ ဧကာဒသမတန်းလူရည်ချွန်များကို ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေ ငွေဆောင်မြို့သို့ စေလွှတ်သလို ဒွါဒသမတန်း လူရည်ချွန်များကို ပင်လယ်ကမ်းခြေ ချောင်းသာ လူရည်ချွန်စခန်းအသီးသီးကို လေ့လာရေးခရီးစဉ်စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စေလွှတ်ခြင်းအားဖြင့် ရည်ရွယ်ချက် ချမှတ်ခဲ့သည့်အတိုင်း လူရည်ချွန် မောင်မယ်များအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိခြင်း၊ အသိပညာဗဟုသုတများ ဖလှယ်နိုင်ခြင်းအပြင် လူရည်ချွန်စခန်း အခြေစိုက်ရာဒေသများ၏ ဒေသန္တရဗဟုသုတများရရှိခြင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့များ သိရှိနားလည်ပြီး မိမိနိုင်ငံနှင့် လူမျိုးအားချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားထိန်းသိမ်းလိုစိတ်များ ကိန်းအောင်းရှင်သန်လာစေမည်ဖြစ်ကြောင်း။

ယခုကဲ့သို့အဆင့်ဆင့်ကျော်ဖြတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာရန် ကာယ၊ ဉာဏ်စွမ်းအားများနှင့် ကြိုးစားအားထုတ်ခဲ့သည့် မောင်မယ်များအနေဖြင့် မိမိတို့၏အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်ထိန်းသိမ်းထားရန်လိုကြောင်း၊ ရှေ့ဆက်ပြီး အဖိုးတန်လူငယ်များ ဖြစ်စေရန်နှင့် မိမိနေထိုင်ရာ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ အစဉ်အမြဲ ကိန်းအောင်းနေစေရန်လည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ **“မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကိုကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်”** ဆိုသည့် ကျောင်းကောင်စီကတိကဝတ်နှင့်အညီ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့် စံပြလူငယ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လူငယ်မောင်မယ်များကို အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားတက်ကြွဖျတ်လတ်သည့်၊ သူတစ်ပါးကို ကူညီရန်အသင့်ရှိသည့် လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့် လူ့စွမ်းအား အရင်းအမြစ်များ ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်ရန်၊ တစ်နည်းအားဖြင့် လူတော်လူကောင်းများဖြစ်ရန် ပြုစုပျိုးထောင်ပေးခြင်းသည် မောင်တို့၊ မယ်တို့အနေဖြင့် ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်သွားနိုင်ကြရန် ပင်ဖြစ်ကြောင်း။

ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေး အလွန်အရေးကြီး

လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်သည့်အခါ စာပေဘာသာရပ်များကိုသာ စစ်ဆေးအကဲ ဖြတ်ရုံတစ်ခုတည်းမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာကျန်းမာ ကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့ကိုပါ စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းပင်ဖြစ်၊ "မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကိုကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်" ဆိုသည့် ကျောင်းကောင်စီ ကတိကဝတ်နှင့်အညီ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးရှိသည့် စံပြလူငယ်မောင်မယ်များ ဖြစ်အောင် ကြိုးပမ်းထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလို။

ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်ကြောင်း၊ ထိုအထဲမှ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျကြောင်း၊ လူမှုနိုးသိတတ်စအရွယ်ကတည်းက ကျောင်းတက်ပညာ သင်ကြပြီး ဘဝရှေ့ရေးအတွက် အတတ်ပညာ၊ အသိပညာ ပြည့်ဝအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပညာရေး အခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရန်မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့် အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး ကျောင်းနှင့် ကင်းကွာ ပညာရေးနိမ့်ကျသည့် လူငယ်များမဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

ယခုကဲ့သို့ လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံမှာကြားခိုက်တွင် ကျောင်းသား၊ ကျောင်းသူများ စာသင်နှစ်ပြီးသဖြင့် အတန်းတက်ပြီး တန်းစဉ် ကူးပြောင်းသင်ယူကြရာတွင် ယခင်နှစ်များက သင်ကြားလိုက်သည့် သင်ခန်းစာများကို တစ်ပါတည်း သိရှိမှတ်သားသယ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ နှစ်စဉ်သင်ကြားလိုက်သည့်စာများ၊ ပညာများကို မေ့ပျောက်မပစ်ဘဲ ဦးနှောက်ထဲတွင် စွဲစွဲမြဲမြဲ မှတ်သားနိုင်မှသာလျှင် အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်သည်ဟု ပြောရမည်ဖြစ် ကြောင်း၊ ထိုသို့မဟုတ်ပါက အတန်းသာအောင်၊ အသက် အရွယ်ကြီးမြင့်လာသော်လည်း ရှိသင့်ရှိထိုက်၊ ပြည့်စုံသင့် ပြည့်ဝထိုက်သည့် အသိပညာ၊ အတွေးအခေါ်၊ အယူအဆများ ရှိမလာနိုင်ခြင်းကြောင့် မိဘဆရာများက ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပူးပေါင်းဆောင်ရွက်ထား

လူရည်ချွန်မောင်မယ်များ လေ့လာရေးခရီးစဉ် တစ်လျှောက် အေးချမ်းပျော်ရွှင်စွာ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လေ့လာရေး၊ ရေ၊ မီး၊ လျှပ်စစ်နှင့် သန့်ရှင်းရေး၊ ဘေးကင်းလုံခြုံရေး၊ ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပူးပေါင်းဆောင်ရွက်ထားကြောင်း။

မောင်တို့၊ မယ်တို့အနေဖြင့် မိမိတို့သက်ဆိုင်ရာ စုရုပ်စခန်းနှင့် စခန်းအသီးသီးသို့ သွားရာခရီးစဉ် တစ်လျှောက် စည်းကမ်းတကျနှင့် သွားလာရန်၊ မိမိကျောင်း၊ မိမိမြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကို ကောင်းမွန်သည့် ဂုဏ်သတင်းနှင့် ကိုယ်စားပြုနိုင်ရန်၊ စခန်းအသီးသီးကို ရောက်သည့် အခါတွင်လည်း ဒေသန္တရဗဟုသုတများကို လေ့လာမှတ်သားရန်၊ အချင်းချင်း ဗဟုသုတဖလှယ်ပြီး စည်းလုံး

ညီညွတ်စွာ နေထိုင်ရန်၊ မိမိတို့၏ ကြီးကြပ်ဆရာ၊ ဆရာမများ၏ အုပ်ထိန်းမှုအောက်တွင် စည်းကမ်းသေဝပ်စွာ နေထိုင်ပြုမူလှုပ်ရှားရန် မှာကြားလိုကြောင်း၊ သို့မှသာ လူရည်ချွန်စီမံကိန်း အကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်စေမည်ဖြစ်သည်ကို ထပ်လောင်း အသိပေးပြောကြားလိုကြောင်း၊ အထူးသဖြင့် ခရီးစဉ်တစ်လျှောက် ကျန်းမာရေး ဂရုစိုက်ရန်နှင့် မိမိတို့ နေရပ်သို့ ပြန်ရောက်သည့်အခါ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဆောင်ရွက်နိုင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၂၉-၄-၂၀၂၄)

ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ဇဝန သိဒ္ဓိရပ်ကွက်ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သင်တန်းကျောင်း ကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှုကြပြီး အဆောက်အအုံနှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဂါရဝပြုပေးအပ်သည်။

မရှိမဖြစ်လိုအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများ မဖြစ်မနေ သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စတင်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝတိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် မူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ခေတ်စနစ်နှင့် လျော်ညီစေမည့်ဥပဒေများ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေး

ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတော်၏ ရှေ့ဆက်ရမည့် လုပ်ငန်းများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများအကြား ဥပဒေအသိပညာ ပြန့်ပွားရေးကိုရည်ရွယ်ပြီး ဥပဒေဝန်ဆောင်မှုလုပ်ငန်းများကိုပုံသဏ္ဌာန်မျိုးစုံဖြင့်အကောင်အထည်ဖော်ပေးရခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖွင့်လှစ်သည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း (Legal Advocacy Center)သည် ဥပဒေအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည့် နေရာတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့်နေရာတစ်ခုဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေအသိပညာ ရှိကြရန်လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲမှုဆောင်ရွက်သူများ အနေဖြင့် ဥပဒေကို နားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့ လုပ်ကိုင်ဆောင်ရွက်မှုများသည် အမှားအယွင်းနှင့် အပြစ်ကင်းစင်ပြီး အကျိုးရှိမှန်ကန်ထိရောက်သည့် လုပ်ရပ်များနှင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာ(ဥပဒေ) ပညာဘွဲ့ B.A(Law) ပညာသင်ကြားနေပြီး အဓိကကျသည့် တက္ကသိုလ်များတွင် ဥပဒေဘွဲ့(LLB) ပညာသင်ကြားပေးနေကြောင်း၊ ယခုထက်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မွေးထုတ်

ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေ၊ ဥပဒေအသိပညာ ပြန့်ပွားစေရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှုဖော်ဆောင်ရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အပြင် အဂတိလိုက်စားမှုကင်းစင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အကျိုးကျေးဇူးကိုလည်း ရရှိနိုင်မည်ဖြစ်။

ပေးလိုက်သည့် ဥပဒေပညာရှင်များသည် နိုင်ငံတကာတွင် ရင်ဆိုင်ယှဉ်ပြိုင်နိုင်သည့် အကျော်ဇောယျများ ဖြစ်သည်အထိ လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍများကို ဆောင်ရွက်ကြရာတွင် ဂုဏ်သိက္ခာရှိရှိဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် ဥပဒေအရာရှိများကို ခန့်အပ်တာဝန်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ယခုဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် လုပ်ငန်းခွင်လက်တွေ့လုပ်ငန်းများကို ပိုမိုလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားစေရေးကိုဆောင်ရွက်ပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဖော်ဆောင်ရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အပြင် အဂတိလိုက်စားမှုကင်းစင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အကျိုးကျေးဇူးကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း။

ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းစဉ်များကို ယခုထက်ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်ကောင်းမွန်သည့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန်နှင့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းတွင် တက်ရောက်လေ့လာသင်ယူကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် ဥပဒေပညာရပ်များ ရှာမှီးနိုင်သည့် ဗဟုသုတဗိမာန်ကြီးတစ်ခုအဖြစ် ရေရှည်တည်တံ့အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းကြီးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ အောင်မြင်မှုသမိုင်း မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများအတွက် အောင်မြင်တိုးတက်မှု ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပိုမိုကောင်းမွန်သည့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-17-8